ၸဝ်ႈၸၼ်ႊ ပႃႇတီႇမ့ႇသုင်လိုင်ႈတႃး
ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်
SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS
E-mail: sspp.hq@gmail.com

# လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဂိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့က ထပ်မံလာရောက်တိုက်ခိုက်သည် ဟုဆိုသော မြဝတီသတင်းဌာနနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၂)ရက်

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့ အင်အား ၂၀၀ ခန့်က လက်နက်ကြီး/လက်နက်ငယ်များဖြင့် အောက်တိုဘာလ(၂၉)ရက် ညနေ(၅)နာရီတွင်တစ်ကြိမ်၊ ည(၈) နာရီတွင်တစ်ကြိမ်၊ ည(၁၂)နာရီတွင်တစ်ကြိမ်၊ ပေါင်း(၃)ကြိမ်နှင့် အောက်တိုဘာလ(၃၀)ရက် နံနက် (၄)နာရီ မိနစ်(၂၀)တွင် တစ်ကြိမ်၊ နံနက်(၅)နာရီတွင်တစ်ကြိမ်၊ ပေါင်း(၂)ကြိမ်၊ စုစုပေါင်း(၅)ကြိမ် နှောင့်ယှက်ပစ်ခ တ်ခဲ့သည်ဟု မြဝတီသတင်းဌာနမှ နိုဝင်ဘာလ(၁)ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ အထက်သတင်းပါ မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်တွင် အောက်တိုဘာလ(၂၉)ရက် ညနေ(၅)နာရီမှ အောက်တိုဘာလ(၃၀)ရက် နံနက်(၅)နာရီ မိနစ်(၃၀)အထိ လက်နက်ကြီး/လက်နက်ငယ်များဖြင့် အရပ်(၄)မျက်နှာသို့ တိုက်ပွဲဆင်ကာ အဆက်အပြတ်ပစ်ခတ်မှုများကို အဆိုပါတပ်မတော်စခန်းမှပြုလုပ်ခဲ့သောကြောင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် အရပ်သားများ၏ လုံခြုံရေးတို့ကို ခြိမ်းခြောက်နေသည့်အပြင် ရည်ရွယ်ချက်တစ်စုံတစ်ရာဖြင့် ပြုလုပ်နေသည်ဟု မိမိ SSPP/SSA ဗဟိုမှသုံးသပ်မိပါသည်။ ထို့ကြောင့် အဆိုပါတပ်မတော်တပ်စခန်း၏ တိုက်ပွဲဆင်ပစ်ခတ်တိုက်ခိုက်မှု လုပ်ရပ်များကို အောက်တိုဘာလ(၃၀)ရက် နံနက်ပိုင်းတွင် မိမိ SSPP/SSA ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ဝင် စဝ်နော်လိတ်မှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးထံသို့ ဖုန်းဖြင့်အချိန်နှင့်တစ်ပြေးညီတိုက်ရိုက်အစီအရင်ခံတင်ပြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဌ ဦးအောင်မင်းထံသို့လည်း ၎င်း၏PSO ဗိုလ်ကြီးဝေဖြိုးကျော် မှတဆင့် ထပ်မံတင်ပြအစီအရင်ခံခဲ့ပြီးဖြစ်ပါသည်။

၃။ ထို့ကြောင့် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်တွင် ဖြစ်ပွားခဲ့သည်ဆိုသည့်တိုက်ပွဲဖြစ်စဉ်များသည် မိမိSSPP/SSAနှင့် လုံး၀(လုံး၀)မပတ်သက်ကြောင်းနှင့် ဖြစ်ပျက်ခဲ့ သောအမှန်တရားများအား ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများအသိဆုံးပင်ဖြစ်သောကြောင့် သက်ဆိုင်ရာများမှ ကွင်းဆင်းမှုစိစစ်၍ ဖြစ်ရပ်မှန်များအား ထင်ယောင်ထင်မှားမဖြစ်ရန်ပြန်လည်ထုတ်ပြန်ပေးသွားစေလို ကြောင်း ထုတ်ပြန်တောင်းဆိုအပ်ပါသည်။

၄။ တပ်မတော်စစ်ကြောင်းများသည် NCA လက်မှတ်ရေးထိုးရာတွင် အဆင်သင့်မဖြစ်သေးသည့် မိမိ SSPP/SSA အား (၆.၁၀.၂၀၁၅)ရက်နေ့မှစ၍ ' 'သတ်မှတ်နေရာအားကျော်လွန်၍ နယ်မြေချဲ့ထွင်သည် ' ' ဟူသော အကြောင်းပြချက်ဖြင့် ယနေ့(၂.၁၁.၂၀၁၅)ရက်နေ့အထိ အဆက်မပြတ်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပါသည်။ မိမိ SSPP/SSA ဝမ်ဟိုင်းဌာနချုပ်အတွင်းလည်း ၁၂၀ မမ လက်နက်ကြီးများဖြင့် အောက်တိုဘာလ (၂၉)ရက် နံနက်(၁)နာရီတွင် (၈)လုံးတစ်ကြိမ်၊ အောက်တိုဘာလ(၃၀)ရက်နေ့ ညနေ(၉)နာရီတွင် (၃)လုံးတစ်ကြိမ်နှင့် ယခင်ပစ်ခတ်မှု(၄)ကြိမ်၊ စုစုပေါင်း(၆)ကြိမ်ရှိခဲ့ပြီး ဝမ်ဟိုင်းရွာအတွင်းရှိ အိမ်(၂)လုံး၊ ကားတစ်စီး ထိမှန်ပျက်စီးကာ အိမ်ရှင်နှင့်ကလေးငယ်တစ်ဦး ထိမှန်ဒဏ်ရာရခဲ့ပါသည်။ မိုင်းနောင်မြို့အနီး ဝိန်းကောင် ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်တွင် တိုက်ပွဲဖြစ်နေသကဲ့သို့ တိုက်ပွဲဆင်ကာ အဆက်မပျက် အရပ်လေးမျက်နှာသို့ ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်သည် မိမိ SSPP/SSA အား ' 'တပ်မတော်တပ်ရင်းဌာနချုပ် များကို အကြိမ်ကြိမ်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းကြောင့် ' ' ဟူသော အကြောင်းပြချက်များဖြင့် တိုးမြှင့်တိုက်ခိုက်လိုခြင်းသာဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။

၅။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများ၏စစ်ပွဲလိုလားသည့် မရိုးဖြောင့်သော အကောက်ကြံမှုများဖြင့် ကြီးနိုင်ငယ်နင်း ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရပ်တန့်ပေးပါရန်နှင့် (၂၈.၁.၂၀၁၂)ရက်နေ့ နိုင်ငံတော်အစိုးရနှင့် မိမိ SSPP/SSA တို့၏ နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် ထုတ်ပြန်တောင်းဆိုအပ်ပါသည်။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်

SSPP/SSA

ဆက်သွယ်ရန်၊

- ဗိုလ်မှူးကြီး စိုင်းလ ဖုန်း-၀၉၄၇၃၀၃၄၄၆/၀၉၄၉၃၃၇၄၆၉